# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

Women's League of Burma

၂၀၁၁ ခုနှစ် ဇန္နဝါရီလ (၂၄) ရက်နေ့မှ (၂၆)ရက်နေ့အထိ

ပြုလုပ်သော ဆဋ္ဌမအကြိမ်ညီလာခံမှ ပြုပြင်၍ အတည်ပြုပြဋ္ဌာန်းသည်။

# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း

## မာတိကာ


| | | | |
|---|---|---|---|
| အခန်း (၁) | အမည်နှင့်အဓိပ္ပါယ်သတ်မှတ်ချက် | စာမျက်နှာ | ၁ |
| အခန်း (၂) | ရည်ရွယ်ချက် | | ၂ |
| အခန်း (၃) | အဖွဲ့ချုပ်၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ | | ၄ |
| အခန်း (၄) | ဖွဲ့စည်းခြင်း | | ၅ |
| အခန်း (၅) | ညီလာခံ | | ၆ |
| အခန်း (၆) | သဘာပတိအဖွဲ့ | | ၈ |
| အခန်း (၇) | အတွင်းရေးမှူးအဖွဲ့ | | ၁၁ |
| အခန်း (၈) | အဖွဲ့ဝင်များ | | ၁၃ |
| အခန်း (၉) | လုပ်ငန်းတာဝန်ခံများ | | ၁၆ |
| အခန်း (၁၀) | ရွေးချယ်တင်မြှောက်ခြင်း | | ၁၇ |
| အခန်း (၁၁) | အထွေထွေ | | ၁၈ |

# နိဒါန်း

တိုးတက်ဖွံ့ဖြိုး၍ အေးချမ်းသာယာသော လူ့ဘောင်ဘဝတည်ဆောက်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍသည် အမှန်တကယ်အရေးကြီးကြောင်း လက်ခံယုံကြည်၍ အမျိုးသမီးထု၏အင်အားကိုအခြေခံကာ ခေတ်မှီသောလူ့ဘောင်တရပ်ပေါ်ပေါက်လာရေးကို စွမ်းစွမ်းတမံဆောင်ရွက်ကြရပေသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများနှင့် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကြောင့် လူ့ဘောင်ဘဝအေးချမ်းသာယာရေးအတွက် ဆောင်ကြဉ်းရာတွင် နှောင့်နှေးကြန့်ကြာမှုများ ရှိနေပေသည်။

တန်းတူအခွင့်အရေး၏ သဘောသဘာဝများကို အမှန်တကယ်နားလည်ကျင့်သုံးလျက် လွတ်လပ်၍တရားမျှတသော၊ ငြိမ်းချမ်း၍ဖွံ့ဖြိုးတိုးတက်သော လူ့ဘောင်အဖွဲ့အစည်းကိုရှေ့ရှု၍ တနိုင်ငံလုံးရှိ အမျိုးသမီးထုကြီးတရပ်လုံး တက်ကြွစွာလှုပ်ရှားပါဝင်နိုင်မည့် အဖွဲ့အစည်းတခုအဖြစ် မျှော်မှန်းကာ ဤအမျိုးသမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ရေးဆွဲပြဌာန်းပါသည်။

# အခန်း(၁)

## အမည်နှင့် အဓိပ္ပါယ်သတ်မှတ်ချက်

ဤစည်းမျဉ်းပါ အမည်နှင့် အဓိပ္ပါယ်သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စည်းမျဉ်း (၁) ဤစည်းမျဉ်းကို အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

စည်းမျဉ်း (၂) ဤစည်းမျဉ်းပါ အဖွဲ့ချုပ်ဆိုသည်မှာ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)ကို ဆိုလိုသည်။

စည်းမျဉ်း (၃) တံဆိပ်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်။

(၁) ကောင်းကင်သို့ ပျံတက်နေသော ချိုးဖြူငှက်၏ အဓိပ္ပါယ်မှာ ငြိမ်းချမ်းခြင်းနှင့် လွတ်လပ်ခြင်းကို ဖော်ဆောင်သည်။

(၂) အမျိုးသမီးသင်္ကေတ ( ♀ ) မှာ အမျိုးသမီးများကို ကိုယ်စားပြုသည်။

(၃) ညီမျှခြင်း၏ အဓိပ္ပါယ်မှာ တရားမျှတမှုနှင့် တန်းတူညီမျှမှုတို့ကို ဖော်ဆောင်သည်။

(၄) လက်များ၏ အဓိပ္ပါယ်မှာ အမျိုးသမီးများ၏ စည်းလုံးညီညွတ်မှုကို ဖော်ဆောင်သည်။

# အခန်း(၂)

## ရည်ရွယ်ချက်

စည်းမျဉ်း (၄) အဖွဲ့ချုပ်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အမျိုးသမီးများစွမ်းရည်မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး။

(၂) ကျား၊ မ တန်းတူရေး။

(၃) အမျိုးသမီးများအပေါ်အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေး။

(၄) လူမှုကဏ္ဍအသီးသီးနှင့် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းတွင် အမျိုးသမီးများ ပိုမိုပါဝင်လာရေး။

(၅) ငြိမ်းချမ်းရေး၊ ပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီရေး။

စည်းမျဉ်း (၅) အဖွဲ့ချုပ်၏ Mission Statement **(မျှော်မှန်းချက်)**မှာ အောက်ပါအတိုင်းဖြစ်သည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)သည် ငြိမ်းချမ်း၍ တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းသို့ ရှေ့ရှု၍ အမျိုးသမီးများဘဝအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည့်အဖွဲ့ဖြစ်သည်။

စည်းမျဉ်း (၆) အဖွဲ့ချုပ်၏ စံတန်ဘိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အပြန်အလှန်လေးစားမှုရှိသည်။ (ခွဲခြားမှုမရှိခြင်း၊ အသိအမှတ်ပြုခြင်းနှင့် အားပေးခြင်း)

(၂) အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုများကို ဆန့်ကျင်ကာကွယ်သည်။ (အမျိုးသမီးအခွင့်အရေးနှင့် လူ့အခွင့်အရေးကို ယုံကြည်လေးစားခြင်း)

(၃) ဒီမိုကရေစီနှင့် တန်းတူရေးကို အခြေခံသောကျင့်စဉ်ကို လက်ခံကျင့်သုံးသည်။

(၄) တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမှုရှိသည်။

(၅) ကျား ၊ မ တန်းတူရေးကို ယုံကြည်သည်။

(၆) ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရေးကို လက်ခံကျင့်သုံးသည်။

# အခန်း(၃)

## အဖွဲ့ချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

စည်းမျဉ်း (၇) အဖွဲ့ချုပ်သည် မိမိလုပ်ငန်းများတိုးတက်အောင်မြင်ရေးအတွက် ဆောင်ရွက်ရမည်။

(က) ဤသို့ဆောင်ရွက်ရာတွင် အဖွဲ့ဝင်အဖွဲ့အစည်းများ၏ ဦးတည်ချက်နှင့် ရပ်တည်မှုကို မထိခိုက်စေသော နည်းဟန်ဖြင့် ဆောင်ရွက်နိုင်သည်။

(ခ) အကယ်၍ အဖွဲ့ဝင်တဖွဲ့ဖွဲ့သည် အဖွဲ့ချုပ်ကို ထိခိုက်နစ်နာစေသော နည်းဟန်ကို ကျင့်သုံးလုပ်ဆောင်ကြောင်းထင်ရှားလာပါက အဖွဲ့ချုပ်မှ ဝင်ရောက်ညှိနှိုင်း ပါဝင်ပတ်သက်ပိုင်ခွင့်ရှိသည်။

(ဂ) အဖွဲ့ချုပ်အဖွဲ့ဝင်အဖွဲ့အစည်းများအကြား အဖွဲ့ချုပ်၏စည်းလုံးညီညွတ်မှုကို ပျက်ပြားစေနိုင်သောပြဿနာများ ဖြစ်ပေါ်လာပါက အဖွဲ့ချုပ်သည် စေ့စပ်ညှိနှိုင်းပေးရန်တာဝန်ရှိသည်။

(ဃ) အဖွဲ့ချုပ်သည် အဖွဲ့ချုပ်အဖွဲ့ဝင်များအတွင်းတွင် အတွေးအခေါ်အရ၊ လုပ်ငန်းအရ၊ တပြေးညီတိုးတက်လာစေရေးဆောင်ရွက်ရန် တာဝန်ရှိသည်။

(င) အဖွဲ့ချုပ်သည် အဖွဲ့ချုပ်အဖွဲ့ဝင်များအတွင်းတွင် ဆက်စပ်မှုရှိစေရန် ဆောင်ရွက်ပေးရမည်။

# အခန်း(၄)

## ဖွဲ့စည်းတည်ဆောက်ပုံအဆင့်ဆင့်

စည်းမျဉ်း (၈)　　အဖွဲ့ချုပ်အား အောက်ပါအတိုင်းအဆင့်ဆင့်ဖွဲ့စည်းသည်။

ညီလာခံ

သဘာပတိအဖွဲ့

အတွင်းရေးမှူးအဖွဲ့

လုပ်ငန်းစဉ်၊ လုပ်ငန်းစီမံချက်၊ လုပ်ငန်းဌာန တာဝန်ခံများနှင့် ဒေသဆိုင်ရာတာဝန်ခံများ

# အခန်း(၅)

## ညီလာခံ

စည်းမျဉ်း (၉) ညီလာခံ၏ သက်တမ်းမှာ (၂) နှစ်ဖြစ်သည်။

စည်းမျဉ်း (၁၀) အဖွဲ့ချုပ်ညီလာခံကို သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ခေါ်ယူရမည်။

စည်းမျဉ်း (၁၁) ညီလာခံသို့တက်ရောက်မည့် ကိုယ်စားလှယ်ဦးရေကို သဘာပတိအဖွဲ့မှ သတ်မှတ်ရမည်။

စည်းမျဉ်း (၁၂) ညီလာခံသက်တမ်းကုန်ဆုံးသည့်တိုင်အောင် ညီလာခံခေါ်ယူရန် အခြေအနေ မပြည့်စုံပါက သဘာပတိအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် ညီလာခံကျင်းပရန် ကာလကို (၆) လရွှေ့ပိုင်ခွင့်ရှိရမည်။ ယင်းသို့ရွှေ့ဆိုင်းခြင်း (၂) ကြိမ် အထိ သာဖြစ်ရမည်။

စည်းမျဉ်း (၁၃) ညီလာခံသို့တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ဦးရေ၏ (၇၅%)ရာခိုင်နှုန်း တက်ရောက်မှသာ ညီလာခံအထမြောက်စေရမည်။

စည်းမျဉ်း (၁၄) ညီလာခံသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ပိုင်ခွင့်ရှိစေရမည်။

(က) ညီလာခံသက်တမ်းအတွင်း သဘာပတိအစည်းအဝေးများ၌ မတင် မကျ ဖြစ်သော၊ အငြင်းပွားစရာဖြစ်ခဲ့သော အကြောင်းအရာများကို ညီလာခံတွင် ပြန်လည်သုံးသပ်၍ အတည်ပြုခြင်း။

(ခ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း ပြန်လည် သုံးသပ်ခြင်းနှင့် အတည်ပြုခြင်း

(ဂ) အဖွဲ့ချုပ်၏လိုအပ်ချက်အရ သဘာပတိအဖွဲ့မှရေးဆွဲပြဋ္ဌာန်းထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို ပြန်လည်သုံးသပ်ခြင်း။

(ဃ) အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို ပြန်လည်သုံးသပ်၍ အတည်ပြုခြင်း။ လုပ်ငန်းတာဝန်ခံများနှင့် ဌာနဆိုင်ရာတာဝန်ခံများ၏ လုပ်ငန်းအစီရင်ခံစာကို ပြန်လည်သုံးသပ်၍ အတည်ပြုခြင်း။

(င) ရှေ့လုပ်ငန်းစဉ်ဆိုင်ရာ လမ်းညွှန်မှုများကို ချမှတ်ခြင်း။

(စ) အဖွဲ့ဝင်အသစ်လျှောက်လွှာများကို အဆုံးအဖြတ်ပေးခြင်း

(ဆ) သဘာပတိအဖွဲ့ကိုဖွဲ့စည်းခြင်း။

(ဇ) အတွင်းရေးမှူးအဖွဲ့ကို ရွေးချယ်တင်မြှောက်ခြင်း။

# အခန်း(၆)

## သဘာပတိအဖွဲ့

စည်းမျဉ်း (၁၅) (က) သဘာပတိအဖွဲ့ ဖွဲ့စည်းရာတွင် အဖွဲ့ချုပ်အဖွဲ့ဝင် အဖွဲ့အစည်းများမှ စေလွှတ်သည့် ကိုယ်စားလှယ်တဦးစီဖြင့် သဘာပတိအဖွဲ့ကို ဖွဲ့စည်းရမည်။

(ခ) အဖွဲ့ချုပ်သို့ သဘာပတိအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ရန် စေလွှတ်ခြင်းခံရသည့်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများကို တာဝန်ခံနိုင်မည့် ပုဂ္ဂိုလ်များဖြစ်ရမည်။

(ဂ) အတွင်းရေးမှူးအဖွဲ့မှ တင်ပြလာသည်များကို သဘာပတိအဖွဲ့သို့ တဆင့်တင်ပြ၍ အချိန်မှီ သဘောထားပေးခြင်း၊ အတည်ပြုပေးခြင်းများ အချိန်မှီရေး၊ ပိုမိုမြန်ဆန်ချောမွေ့လာရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးရန် **အလှည့်ကျ သဘာပတိ ( ၅)ဦး**ထားရှိရမည်။

စည်းမျဉ်း (၁၆) သဘာပတိအဖွဲ့၏သက်တမ်းမှာ ညီလာခံသက်တမ်းနှင့်အညီ ဖြစ်သည်။

စည်းမျဉ်း (၁၇) သဘာပတိအဖွဲ့၏ အစည်းအဝေးကို (၈) လ တကြိမ်ကျင်းပရမည်။

စည်းမျဉ်း (၁၈) ***သဘာပတိ***

- အဖွဲ့ချုပ် အတွင်းရေးမှူးရုံးနှင့် မိမိအဖွဲ့အစည်းအကြား အဓိကဆက်စပ်ဆောင်ရွက်ပေးသူဖြစ်ခြင်း
- အဖွဲ့ချုပ်၏ အခြေအနေနှင့် လုပ်ငန်းများ၊ လက်ရှိဖြစ်ပေါ်တိုးတက်မှုများကို မိမိ အဖွဲ့အစည်းအတွင်းမှ အဖွဲ့ဝင်များအား အသိပေးပြောပြခြင်း၊ ဆွေးနွေးခြင်းများ ပုံမှန်ပြုလုပ်ခြင်း

- အဖွဲ့ချုပ်၏ မူဝါဒ၊ ရပ်တည်ချက်များအတွက် မိမိအဖွဲ့အတွင်း သဘောထားရယူပေးခြင်း၊ အချိန်မှီပေးပို့ခြင်း
- အဖွဲ့ချုပ်၏ မူဝါဒနှင့် လုပ်ငန်းဆောင်တာများကို တာဝန်ခံခြင်း
- အတွင်းရေးမှူးအဖွဲ့မှ တင်ပြလာသည်များကို အချိန်မှီ သဘောထားပေးခြင်း၊ အတည်ပြုပေးခြင်း
- မဟာမိတ်ဆက်ဆံရေး (ပြည်တွင်း၊ ပြည်ပ) များတွင် သဘာပတိအဖွဲ့ဝင်အများစု၏ သဘောထားအရ အဖွဲ့ချုပ်ကိုယ်စားပြုတက်ရောက်ခြင်း
- ဒေသတွင်းမဟာမိတ်ဆက်ဆံရေးပြုလုပ်ရာတွင် အဖွဲ့ချုပ်၏ ဦးတည်ချက်၊ ရပ်တည်ချက်များ၊ စံတန်ဖိုးများနှင့် ကိုက်ညီသော လှုပ်ရှားမှုများတွင် အဖွဲ့ချုပ်ကိုယ်စားပြု ပါဝင်လှုပ်ရှားခြင်း

စည်းမျဉ်း (၁၉) သဘာပတိအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ညီလာခံခေါ်ယူခြင်း။
(ခ) ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို လိုအပ်ချက်အရအစားထိုးပြင်ဆင်ဖြည့်စွက်ခြင်း။။
(ဂ) အဖွဲ့ချုပ်အတွက်လိုအပ်သော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများကို အတည်ပြုခြင်း။
(ဥပမာ– ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ)
(ဃ) လစ်လပ်သွားသော အတွင်းရေးမှူးအဖွဲ့ဝင်နေရာများအား အစားထိုးတာဝန်ပေးအပ်ခြင်း။
(င) အဖွဲ့ချုပ်၏ မဟာမိတ်ရေးရာလုပ်ငန်းများကို တာဝန်ခံခြင်း။
(စ) လိုအပ်ပါက အရေးပေါ်ညီလာခံခေါ်ယူခြင်း။
(ဆ) လိုအပ်ပါက အရေးပေါ် သဘာပတိအစည်းအဝေး ခေါ်ယူခြင်း။
(ဇ) လိုအပ်ပါက ကော်မရှင်များဖွဲ့စည်းခြင်း။
(ဈ) ကျွမ်းကျင်သော စာရင်းစစ်တစ်ဦးခေါ်ယူခြင်း။
(ည) လိုအပ်ပါက ဌာနတာဝန်ခံများ၊ လုပ်ငန်းစီမံချက်တာဝန်ခံများနှင့် လုပ်ငန်းစဉ်တာဝန်ခံများကို သဘာပတိအစည်းအဝေးနှင့် ညီလာခံသို့ တက်ရောက်နိုင်ရန် ဆုံးဖြတ်ပေးခြင်း။
(ဋ) အဖွဲ့ဝင်အသစ်လျှောက်လွှာများကို အဆုံးအဖြတ်ပေးခြင်း။

(ဃ) သဘာပတိအစည်းအဝေးများတွင် လေ့လာသူများတက်ရောက်နိုင်ရန် သတ်မှတ်ပေးခြင်း

စည်းမျဉ်း (၂၀) သဘာပတိအဖွဲ့ဝင်အားလုံး၏ (၇၅%) ရာခိုင်နှုန်းတက်ရောက်မှသာ သဘာပတိအစည်းအဝေး အထမြောက်သည်။

စည်းမျဉ်း (၂၁) သဘာပတိအဖွဲ့သည် အတွင်းရေးမှူးအဖွဲ့မှ တင်ပြလာသော ဘဏ္ဍာရေးစီမံချက်နှင့် ရှင်းတမ်းအား သုံးသပ်ပြီး အတည်ပြုသည်။

စည်းမျဉ်း (၂၂) သဘာပတိအဖွဲ့သည် အောက်ပါအခြေအနေတခုခုတွင် အတွင်းရေးမှူးအဖွဲ့ဝင်တဦးဦးအား အတွင်းရေးမှူးအဖွဲ့မှ နှုတ်ထွက်ခွင့်ပြုနိုင်သည်။

(က) ကျန်းမာရေးအခြေအနေအရ တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်းမရှိတော့ခြင်း။
(ခ) အဖွဲ့ချုပ်တာဝန်များကို အချိန်ပြည့်ထမ်းဆောင်နိုင်စွမ်း မရှိတော့ခြင်း။
(ဂ) အတွင်းရေးမှူးအဖွဲ့ဝင်တဦးဦးသည် ဆက်လက်တာဝန်ထမ်းဆောင်လိုသော ဆန္ဒမရှိတော့ကြောင်းကို ခိုင်လုံသော အကြောင်းပြချက်ဖြင့် တင်ပြလာခြင်း။

စည်းမျဉ်း (၂၃) သဘာပတိအဖွဲ့သည် အောက်ပါ အခြေအနေတခုခုတွင် အတွင်းရေးမှူး အဖွဲ့ဝင်တဦးဦးအား တာဝန်မှ ရပ်သိမ်းနိုင်သည်။

(က) အဖွဲ့ချုပ်၏ ငွေကြေးအလွဲသုံးစားလုပ်ခြင်း။
(ခ) တာဝန်ကျေပြွန်အောင် မထမ်းဆောင်ခြင်း။
(ဂ) အဖွဲ့ချုပ်အမည်ကိုအလွဲသုံးစားလုပ်ခြင်း။

စည်းမျဉ်း (၂၄) သဘာပတိများသည် သဘာပတိအစည်းအဝေးကို ပုံမှန်တက်ရောက်ရမည်။

စည်းမျဉ်း (၂၅) သဘာပတိအဖွဲ့သည် သဘာပတိအဖွဲ့ဝင်တဦးဦး၏ ခိုင်လုံသည့် အကြောင်းပြချက်မရှိဘဲ သဘာပတိအဖွဲ့ အစည်းအဝေး (၂) ကြိမ်ပျက်ကွက်လျှင် ၎င်းအဖွဲ့အစည်း၏ အဖွဲ့ဝင်ဖြစ်မှုကိုပြန်လည်သုံးသပ်ရမည်။

စည်းမျဉ်း (၂၆) သဘာပတိအဖွဲ့အချင်းချင်းနှင့် အတွင်းရေးမှူးအဖွဲ့များကြား ဆက်စပ်ဆောင်ရွက်နိုင်ရေးအတွက် သဘာပတိအစည်းအဝေးတိုင်းတွင် အလှည့်ကျသဘာပတိ (၅)ဦးကို ရွေးချယ်ပေးရမည်။

စည်းမျဉ်း (၂၇) သဘာပတိများသည် သဘာပတိအစည်းအဝေးအတွင်း ဆုံးဖြတ်ချက်များကို မိမိ၏ အဖွဲ့အစည်းများသို့ ပြန်လည်ဆွေးနွေးပေးရမည်။

# အခန်း(၇)

## အတွင်းရေးမှူးအဖွဲ့

စည်းမျဉ်း (၂၈) အတွင်းရေးမှူးအဖွဲ့ကို ညီလာခံမှ အဖွဲ့ဝင် (၃) ဦးဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်။

(က) အထွေထွေအတွင်းရေးမှူး
(ခ) တွဲဖက်အထွေထွေအတွင်းရေးမှူး (၁)
(ဂ) တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)

စည်းမျဉ်း (၂၉) အတွင်းရေးမှူးအဖွဲ့၏ သက်တမ်းသည် ညီလာခံသက်တမ်းနှင့်အညီဖြစ်သည်။

စည်းမျဉ်း (၃၀) အတွင်းရေးမှူးအဖွဲ့သည် အဖွဲ့ချုပ်စည်းမျဉ်းပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်ရန် (သို့) အဖွဲ့ချုပ် လုပ်ထုံးလုပ်နည်းများကို ပြင်ဆင်ဖြည့်စွက် ရေးဆွဲရန် ရှိလာပါက မူကြမ်းပြုစု၍ သဘာပတိအဖွဲ့ထံသို့ တင်ပြရမည်။

စည်းမျဉ်း (၃၁) အတွင်းရေးမှူးအဖွဲ့သည် သဘာပတိအဖွဲ့ထံသို့ (၆) လတကြိမ် အထွေထွေ အတွင်းရေးမှူးမှ တာဝန်ခံ၍ အစီရင်ခံစာ တင်သွင်းရမည်။

စည်းမျဉ်း (၃၂) အတွင်းရေးမှူးအဖွဲ့သည် အဖွဲ့ချုပ်၏လုပ်ငန်းများ စနစ်တကျလည်ပတ် နိုင်ရေးအတွက် ဌာနတာဝန်ခံများ၊ လုပ်ငန်းတာဝန်ခံများနှင့်အတူ ဘဏ္ဍာရေးစီမံချက်ကိုရေးဆွဲ၍ သဘာပတိအဖွဲ့ထံသို့တင်ပြရမည်။

စည်းမျဉ်း (၃၃) အတွင်းရေးမှူးအဖွဲ့သည် သဘာပတိအဖွဲ့၏ လမ်းညွှန်မှုများအား အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သဘာပတိအဖွဲ့မှ ဆုံးဖြတ်ချက်ပေးရန် လိုအပ်သောကိစ္စရပ်များတွင် ထက်ဝက်ကျော် သဘောတူပါက လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်သည်။

စည်းမျဉ်း (၃၄) အတွင်းရေးမှူးအဖွဲ့သည် ညီလာခံမှချမှတ်ပေးလိုက်သော ရေ့လုပ်ငန်းစဉ်များကို အောင်မြင်စွာ အကောင်အထည်ဖော်ရန် သဘာပတိအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လုပ်ငန်းများကိုသင့်လျော်သလို တာဝန်ခွဲဆောင်ရွက်ရမည်။

စည်းမျဉ်း (၃၅) အတွင်းရေးမှူးအဖွဲ့သည် ဌာနတာဝန်ခံများ၊ လုပ်ငန်းစဉ်တာဝန်ခံများ၊ လုပ်ငန်းစီမံချက် တာဝန်ခံများကို သဘာပတိအဖွဲ့၏ ဆုံးဖြတ်အတည်ပြုချက်ဖြင့် တာဝန်ပေးခန့်အပ်ရမည်။

စည်းမျဉ်း (၃၆) အထွေထွေအတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) အထွေထွေအတွင်းရေးမှူးသည် အဖွဲ့ချုပ်၏လုပ်ငန်းများ လည်ပတ်နိုင်ရေးအတွက် တာဝန်အရှိဆုံးသူဖြစ်သည်။
(ခ) သဘာပတိအဖွဲ့၏ လမ်းညွှန်မှုနှင့်အညီ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။
(ဂ) အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းများနှင့် သဘာပတိအဖွဲ့ကို ဆက်စပ်ပေးသူဖြစ်သည်။
(ဃ) အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းဆောင်တာများကို တာဝန်ခံရမည်။

စည်းမျဉ်း (၃၇) အတွင်းရေးမှူးအဖွဲ့ဝင်အဖြစ် ညီလာခံသက်တမ်း (၂)ကြိမ်ထက်ပို၍ ဆက်တိုက် တာဝန်ထမ်းဆောင်ခွင့်မရှိစေရ။

# အခန်း(၈)

## အဖွဲ့ဝင်များ

စည်းမျဉ်း (၃၈) အဖွဲ့ဝင်များအဖြစ် လျှောက်ထားရာတွင်–

(က) အဖွဲ့ချုပ်၏ ဦးတည်ချက်နှင့် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများကို လိုက်နာလုပ်ဆောင်လိုသော အဖွဲ့အစည်းများသည် အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် လျှောက်ထားနိုင်သည်။

(ခ) ယင်းသို့လျှောက်ထားရာတွင် နယ်မြေအနေအထားအားဖြင့်သော်လည်းကောင်း၊ လုပ်ငန်းအရသော်လည်းကောင်း၊ ဆက်နွယ်နေသော အဖွဲ့ချုပ်အဖွဲ့ဝင် (၂)ဖွဲ့၏ ထောက်ခံချက်ဖြင့် ပူးတွဲတင်ပြရမည်။

(ဂ) အကယ်၍ ဤသို့ဆက်စပ်မှုမရှိပါက အခြားအဖွဲ့ချုပ်အဖွဲ့ဝင် (၂)ဖွဲ့၏ ထောက်ခံချက်ရယူနိုင်သည်။ ထိုသို့ရယူရာတွင် ထောက်ခံပေးသည့် အဖွဲ့ (၂) ဖွဲ့မှ ခိုင်လုံသော အကြောင်းရင်းတင်ပြပေးရမည်။

စည်းမျဉ်း (၃၉) အဖွဲ့ဝင်ဖြစ်ခြင်း။

(က) အဖွဲ့ချုပ်အဖွဲ့ဝင်အဖြစ် လျှောက်ထားလာသော အဖွဲ့တဖွဲ့သည် အောက်ပါ အခြေအနေများနှင့် သဘာပတိအဖွဲ့ဝင်များ၏ (၇၅%) ရာခိုင်နှုန်း (သို့) ညီလာခံကိုယ်စားလှယ်များ၏ (၇၅%) ရာခိုင်နှုန်း ထောက်ခံမှုရရှိပါက အဖွဲ့ဝင်ဖြစ်ခွင့်ရှိသည်။

အပိုဒ်ခွဲ (၁) နိုင်ငံရေးပါတီအဖွဲ့အစည်းတရပ်ရပ်၏ ဩဇာလွှမ်းမိုးမှုမှ ကင်းလွတ်၍ လွတ်လပ်သောအဖွဲ့အစည်းတရပ်ဖြစ်ခြင်း။

အပိုဒ်ခွဲ (၂) ဖွဲ့စည်းပုံစည်းမျဉ်း (သို့) အဖွဲ့အစည်းတည်ဆောက်မှု ပုံစံနှင့် လုပ်ငန်းလည်ပတ်မှုပုံစံကို အဖွဲ့ချုပ်သို့ တင်ပြနိုင်ခြင်း။

အပိုဒ်ခွဲ (၃) လိုအပ်ပါက အဖွဲ့ချုပ်တွင်တာဝန်ထမ်းဆောင်ရန် ကိုယ်စားလှယ်စေလွှတ်နိုင်ခြင်း။

အပိုဒ်ခွဲ (၄) အဖွဲ့သက်တမ်းအနည်းဆုံး (၂) နှစ်ရှိခြင်း။
အပိုဒ်ခွဲ (၅) အဖွဲ့ဝင်ဦးရေ အနည်းဆုံး (၃၀) ရှိခြင်း။

အပိုဒ်ခွဲ (၆) (က) အဖွဲ့ချုပ်အဖွဲ့ဝင်များအတွင်းလူမျိုးအရလည်းကောင်း၊ နယ်မြေဒေသအရလည်းကောင်း၊ အမည်အရလည်းကောင်း၊ အငြင်းပွား စေနိုင်သော အဖွဲ့မဖြစ်ခြင်း။
(ခ) အဖွဲ့ဝင်ဖြစ်နိုင်ရေးအတွက် အနီးဆုံးသဘာပတိအစည်းအဝေးနှင့်ညီလာခံ၌ ဆွေးနွေးဆုံးဖြတ်နိုင်သည်။

စည်းမျဉ်း (၄၀) အဖွဲ့ဝင်တိုင်းတွင် အောက်ပါ တာဝန်များရှိသည်။

(က) အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။
(ခ) အဖွဲ့ချုပ်သို့ ကိုယ်စားလှယ်များ ပေးပို့စေလွှတ်ခြင်း။

စည်းမျဉ်း (၄၁) အဖွဲ့ဝင်တိုင်းတွင် အောက်ပါ အခွင့်အရေးများရှိသည်။

(က) မိမိအဖွဲ့အစည်းမှ အဖွဲ့ချုပ်၏လုပ်ငန်းများ၊ ဆုံးဖြတ်ချက်များကို ပြန်လည်ဆွေးနွေးလိုပါက အတွင်းရေးမှူးအဖွဲ့မှတဆင့် သဘာပတိအဖွဲ့သို့ တင်ပြခြင်း။
(ခ) မိမိအဖွဲ့အစည်း၏ လိုအပ်ချက်များကို အဖွဲ့ချုပ်သို့တင်ပြခြင်း။
(ဂ) မိမိအဖွဲ့အစည်းအတွင်း၌သော်လည်းကောင်း၊ အခြားအဖွဲ့အစည်းများ အကြားသော်လည်းကောင်း မဖြေရှင်းနိုင်သည့် ကိစ္စများပေါ်ပေါက်လာပါက ပါဝင်ဖြေရှင်းပေးရန် အဖွဲ့ချုပ်သို့ အကူအညီတောင်းခံခြင်း။

စည်းမျဉ်း (၄၂) အဖွဲ့ဝင်ကိုယ်စားပြုမှုကို ယာယီရပ်ဆိုင်းခြင်း။
အဖွဲ့ဝင်အဖွဲ့အစည်းအတွင်း အဖွဲ့ချုပ်ကိုထိခိုက်စေသော ပြဿနာတစုံတရာဖြစ်ပေါ်လာပါက အရေးပေါ် သဘာပတိအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ထိုအဖွဲ့၏ ကိုယ်စားပြုမှုကို ယာယီရပ်ဆိုင်းနိုင်သည်။

စည်းမျဉ်း (၄၃) အထက် စည်းမျဉ်းပါ (၄၂) အရ အရေးယူဆောင်ရွက်ရာတွင် အဖွဲ့ဝင် ကိုယ်စားပြုမှု ယာယီရပ်ဆိုင်းရသော အကြောင်းရင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းမှ ဖြေရှင်းနိုင်ရန်အတွက် သဘာပတိအဖွဲ့သည် အချိန်ကာလ သတ်မှတ်ပေးရမည်။

စည်းမျဉ်း (၄၄) အဖွဲ့ဝင်အဖြစ်မှရပ်ဆိုင်းခြင်း။

အဖွဲ့ချုပ်အဖွဲ့ဝင်တစ်ဖွဲ့ဖွဲ့ကို အောက်ပါအကြောင်းများကြောင့် သဘာပတိအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အဖွဲ့ဝင်အဖြစ်မှ ရပ်ဆိုင်းနိုင်သည်။

အပိုဒ်ခွဲ (၁) အဖွဲ့ချုပ်အဖွဲ့ဝင်တဖွဲ့ဖွဲ့သည် ယင်းအဖွဲ့အတွင်း၌ တခုတည်းသော ဦးဆောင်မှု မဖြစ်တော့ခြင်း။

အပိုဒ်ခွဲ (၂) အမည်တခုတည်းအောက်တွင် ဖြေရှင်း၍မရသေးသော အငြင်းပွားစရာပြဿနာများ ဖြစ်ပေါ်နေခြင်း။

အပိုဒ်ခွဲ (၃) သဘာပတိအဖွဲ့မှ ခေါ်ယူညှိနှိုင်းဖြေရှင်းသော်လည်း မရတော့ခြင်း။

အပိုဒ်ခွဲ (၄) အဖွဲ့ချုပ်အဖွဲ့ဝင်တဖွဲ့ဖွဲ့သည် အဖွဲ့ချုပ်အား ပြိုကွဲပျက်စီးစေသော လုပ်နည်းလုပ်ဟန်တခုခုကို လုပ်ဆောင်လာပါက အဖွဲ့ဝင်အဖြစ်မှ ရပ်စဲနိုင်သည်။

စည်းမျဉ်း (၄၅) အဖွဲ့ဝင်အဖြစ်မှ နှုတ်ထွက်ခြင်း။

(က) နှုတ်ထွက်ရသော အကြောင်းရင်းကို ခိုင်လုံသောအကြောင်းပြချက်ဖြင့် သဘာပတိအဖွဲ့ကိုတင်ပြရမည်။

(ခ) သဘာပတိအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် နှုတ်ထွက်ခွင့်ပြုနိုင်သည်။

# အခန်း(၉)

## လုပ်ငန်းတာဝန်ခံများ

စည်းမျဉ်း (၄၆) အတွင်းရေးမှူးအဖွဲ့သည် အဖွဲ့ချုပ်၏လုပ်ငန်းများ စနစ်တကျလည်ပတ်နိုင်ရေးအတွက် လိုအပ်မည့်လုပ်ငန်းတာဝန်ခံများ၊ ဌာနတာဝန်ခံများကို လျှောက်လွှာဖြင့်ခေါ်ယူ၍ သဘာပတိအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ပေးအပ်ခြင်း၊ တာဝန်မှ ရုပ်သိမ်းခြင်း ပြုပိုင်ခွင့်ရှိသည်။

စည်းမျဉ်း (၄၇) လုပ်ငန်းတာဝန်ခံများ၊ ဌာနတာဝန်ခံများသည် မိမိတို့၏လုပ်ငန်းများ စနစ်တကျ အကောင်အထည်ဖော်နိုင်ရေးအတွက် သက်ဆိုင်ရာ အတွင်းရေးမှူး၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီ ဆောင်ရွက်ရမည်။

# အခန်း(၁၀)

## ရွေးချယ်တင်မြှောက်ခြင်း

စည်းမျဉ်း (၄၈) အတွင်းရေးမှူးအဖွဲ့ဝင်များအဖြစ် ရွေးချယ်ခံရမည့်သူတဦးစီ၏ အမည်စာရင်းကို အဖွဲ့ချုပ်အဖွဲ့ဝင်အဖွဲ့အစည်းအသီးသီးမှ ညီလာခံသို့ တင်သွင်းရမည်။

စည်းမျဉ်း (၄၉) အဖွဲ့အစည်းအသီးသီးမှ တင်သွင်းလာသောအမည်စာရင်းများထဲမှ အတွင်းရေးမှူးအဖွဲ့ဝင် (၃) ဦးကို တက်ရောက်လာသော အဖွဲ့ဝင်အဖွဲ့အစည်းများမှ လျှို့ဝှက်မဲ စနစ်ဖြင့် ရွေးချယ်တင်မြှောက်ရမည်။

# အခန်း(၁၁)

## အထွေထွေ

စည်းမျဉ်း (၅၀) ဆုံးဖြတ်ချက်များကို မဲခွဲဆုံးဖြတ်ရာတွင် ရာခိုင်နှုန်းသတ်မှတ်ပြဋ္ဌာန်းထားခြင်း မရှိသော ကိစ္စရပ်များတွင် အများစုဆန္ဒမဲဖြင့် ဆုံးဖြတ်ချက်များကို အတည်ပြုနိုင်သည်။

စည်းမျဉ်း (၅၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် အဖွဲ့ချုပ်ဝင်တိုင်းအပေါ် သက်ရောက်မှုရှိသည်။ ဤစည်းမျဉ်းပါဥပဒေများကို အဖွဲ့ချုပ်အဖွဲ့ဝင်တိုင်း လိုက်နာကျင့်သုံးရမည်။

စည်းမျဉ်း (၅၂) ဤအဖွဲ့ချုပ်စည်းမျဉ်းပါ စကားရပ်ကိုဖြစ်စေ၊ ပြဋ္ဌာန်းချက်ကိုဖြစ်စေ အဓိပ္ပါယ်ဖွင့်ဆိုရာတွင် ကွဲလွဲချက်ရှိပါက (သို့)အငြင်းပွားရန်ရှိပါက သဘာပတိ အဖွဲ့၏ ဖွင့်ဆိုချက်သာ အတည်ဖြစ်သည်။